# လူထုဗဟိုပြုဖွံ့ဖြိုးရေး၊ အခြေခံလူတန်းစားများအပါအဝင် ပြည်သူအားလုံး အတွက် ထည့်သွင်းစဉ်းစားပေးမှုနှင့် ပူးပေါင်းမှုကို မြှင့်တင်ဆောင်ရွက်ခြင်း

**အေဇဖင်ထရော်ဆင်ဘတ်၊ ဒုတိယ ဥက္ကဋ္ဌ ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ**

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များ အတွင်း စိတ်ဝင်စားစရာ ကောင်းပြီး စိန်ခေါ်မှုများ ပြည့်နေသည့် အသွင်ကူးပြောင်းရေးကို စတင်လုပ်ဆောင်ခဲ့သည်။ ကမ္ဘာ့ဘဏ်အုပ်စု အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက မြန်မာ့ သမိုင်းခြေလှမ်းသစ်တွင် ကူညီထောက်ပံ့မှုများ ပေးရန်စိတ်အားထက်သန်ခဲ့ကြသည်။

တိုးတက်မှုအများအပြား ရရှိခဲ့သော်လည်း သန်းပေါင်းများစွာသော ပြည်သူများအား ဆင်းရဲတွင်းမှ လွတ်မြောက်ရန်နှင့် အခြေခံ လူတန်းစားများ အပါအဝင် ပြည်သူလူထု လူတန်းစားအားလုံး အတွက် အသိုက်အဝန်း တစ်ခု ပေါ်ပေါက်လာရန် ဖန်တီး ပေးရန်အတွက်မူ အဓိက စိန်ခေါ်မှုများစွာ ရှိနေဆဲ ဖြစ်သည်။ နိုင်ငံ စီးပွားရေးမှာ အတော်လေး ကောင်းမွန်လာခဲ့သော်လည်း အရှိန်အဟုန်ကောင်းသည့် စီးပွားရေးတွင် မြန်မာ နိုင်ငံသားအားလုံး အပြည့်အဝ ပါဝင်နိုင်ရန်အတွက် တိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်း ကောင်းများ ဖန်တီးပေးရန် နောက်ထပ် အသွင်ကူးပြောင်းမှုများ လိုအပ်မည်ဖြစ်သည်။

ရန်ကုန်နှင့် အခြား အဓိကမြို့ကြီးများအား သွားရောက်လည်ပတ်သည့်အခါ ဖြစ်ပေါ်နေသည့် အပြောင်းအလဲများကို တွေ့မြင် ခံစားကြရမည်ဖြစ်သည်။ သို့ရာတွင် သာမာန်အားဖြင့် သတင်းမီဒီယာများတွင် မြင်တွေ့ရလေ့မရှိသည့် ဝေးလံသည့် ဒေသများရှိ ပြည်သူများ၏ ဘဝ အခြေအနေများက မည်သို့ ရှိနေမည်ဆိုသည့်အချက်မှာ စိတ်ဝင် စားဖွယ်ရာပင်။

ရန်ကုန်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ (၆၅၀) ခန့် အကွာတွင်ရှိသော လူနေကျဲပါးပြီး ဝေးလံကာ ဆင်းရဲ နွမ်းပါးသည့် ဧရိယာဖြစ်သော ချင်းပြည်နယ်သို့ မနေ့က ကျွန်ုပ်သွားရောက်လည်ပတ် ခဲ့ပါသည်။ ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးမှုနှုန်း ၇၀% ကျော်ရှိကာ မြန်မာနိုင်ငံတွင် အဆင်းရဲဆုံး ပြည်နယ်တစ်ခုဖြစ်သည်။ ပုဂံ-ညောင်ဦး လေဆိပ်မှ ကန်ပက်လက် မြို့သို့ ရောက်ရှိရန် အချိန် ၆ နာရီခန့် ကားဖြင့်မောင်းသွားရသည်။ ထိုခရီးကို သွားရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာ့ဘဏ်က ထောက်ပံ့ ပေးနေသည့် ဒေါ်လာ သန်း(၈၀) ရံပုံငွေဖြင့် လွန်ခဲ့သည့် တစ်နှစ်ခွဲခန့်က စတင် လုပ်ဆောင်နေသော လူထုဗဟိုပြု စီမံကိန်း (CDD) အား ဆင်းရဲနွမ်းပါးသည့် ကျေးရွာများ မည်သို့ အကောင် အထည်ဖော် နေသည်ကို လက်တွေ့ကြည့်ရှုလိုသည့် အတွက်ဖြစ်သည်။ ယခုအစီအစဉ်၏ ရည်မှန်းချက်ပန်းတိုင်မှာ စာသင်ကျောင်းများ၊ ရေ ရရှိရေး လုပ်ငန်းများ၊ လမ်းများပြုပြင် ပေးခြင်းနှင့် ပြည်သူ့ အဆောက်အအုံများနှင့် လမ်းများ တွင် နေစွမ်းအင်အသုံးပြု လျှပ်စစ်မီးများတပ်ဆင် ပေးခြင်း တို့အပါအဝင် ပြည်သူတို့၏ လူနေမှုဘဝများ တိုးတက် စေရန် ရပ်ရွာလူထုများကိုယ်တိုင်က ဖော်ထုတ် ပေးသည့် စီမံကိန်းများအား ကူညီပံ့ပိုးပေးရန် ဖြစ်သည်။ ယခု စီမံကိန်း၏ အဓိကအချက်မှာ ဆုံးဖြတ်ချက်ချရာတွင် ပြည်သူများအား အဓိကနေရာတွင် ထားရှိခြင်းဖြစ်သည်။ ထိုသို့ လုပ်ပိုင်ခွင့် ပေးထားခြင်းဖြင့် နိုင်ငံသားများ တက်ကြွစွာ ပါဝင်စေရန် အားပေးအားမြှောက် ပြုလုပ်ပေးသည်။ အကောင်အထည်ဖော်ရာတွင် ယုံကြည်စိတ်ချရစေရန် အပြည့်အဝ အာမခံပေးပြီး ပွင့်လင်းမြင်သာမှုရှိကာ အားလုံး ပါဝင်မှု ရှိသည်။

အံ့သြစရာကောင်းပြီး အားတက်စရာအချက်မှာ ယခုနည်းလမ်းဖြင့် ဆောင်ရွက်မှုသည် အောင်မြင်မှုရလျက်ရှိသည့် သတင်းပင်ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးသည့် အခြေခံလူတန်းစား ပြည်သူများသည် ၎င်းတို့၏ဘဝများ တိုးတက်ပြောင်းလဲနိုင်ရန် ကိုယ်တိုင် ပုံဖော် ဖန်တီးခွင့်ကို တောင့်တလျက်ရှိကြသည်။ ယခုစီမံကိန်းက ၎င်းတို့အား ထိုအခွင့်အလမ်းများကို ပေးနေကြောင်း ပြသနေသည်။ ကျေးရွာ လူကြီးတစ်ဦးက မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် အရေးကြီးသည့်အရာကို ကိုယ်တိုင် ထုတ်ဖော်ပြောဆိုနိုင်ခြင်းမှာ သူ့ဘဝတွင် ပထမဆုံးအကြိမ် ဖြစ်ကြောင်း ကျွန်ုပ်အား ထုတ်ဖော်ပြောကြားခဲ့သည်။ သူ၏ ရပ်ရွာလူထု၏ အနာဂတ်အတွက် သူ့တွင်ပြောရေးဆိုခွင့် ရှိသည်ဟု ပထမဆုံး အကြိမ် ခံစားရကြောင်း ပြောပါသည်။

ထိုကျေးရွာလူကြီး ကဲ့သို့ပင် အခြားသူများကလည်း ချင်းပြည်နယ်အတွင်း လူထုဗဟိုပြု အမျိုးသား စီမံကိန်း၏ ကောင်းကျိုးကို ပထမဆုံး သက်သေအဖြစ် ပြောကြားကြပါသည်။ ကန်ပက်လက်မြို့နယ် အနီးတစ်ဝိုက် ကျေးရွာများမှ ပြည်သူလူထု ရာပေါင်းများစွာသည် လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပထမဆုံးအကြိမ် ပါဝင် ဆောင်ရွက်ခဲ့ကြပါသည်။ မှန်ကန်သည့် စီမံကိန်း ရွေးချယ်ရေး လုပ်ငန်းစဉ်တွင် လိုအပ်ချက်အများအပြား အတွက် အစည်းအဝေးများ ပြုလုပ်ကြသည်။ အဆုံးတွင် ထိခိုက်မှုရှိသည့် ကျေးရွာများမှ အမျိုးသားနှင့် အမျိုးသမီးများက ၎င်းတို့နေ့စဉ်ဘဝ တိုးတက်ရေး အတွက် အလိုအပ်ဆုံးဖြစ်သည့် မြို့သို့ဖြတ်လမ်းက သွားနိုင်သော လူသွားလမ်း၊ ရေ ရရှိရေး လုပ်ငန်းနှင့် ခေါင်မိုး ပြုပြင်ရန်လိုအပ်နေသည့် မူလတန်းကျောင်းတစ်ကျောင်းအတွက် အမိုးသစ် မိုးပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုကျေးရွာများသို့ ကျွန်ုပ် သွားရောက်သည့်အခါ လူထု ဗဟိုပြု စီမံကိန်းက နိုင်ငံ၏ ဆင်းရဲ နွမ်းပါးမှု အရှိဆုံး နေရာများ အနက် တစ်နေရာတွင် အကျိုးကျေးဇူး ဖြစ်ထွန်းနေသည့် သက်သေကို တွေ့ရှိခဲ့ရသည်။ ပြည်သူများမှာ ၎င်းတို့၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံနေကြပြီး ၎င်းတို့ဘဝ တိုးတက်ကောင်းမွန်ရေးအတွက် ပြောင်းလဲမှုများ ပြုလုပ်နေကြသည်။

ယခုရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ ဆင်းရဲနွမ်းပါးသည့် ပြည်သူများ ၎င်းတို့ရပ်ရွာ၏ ပြင်ပမှ အကူအညီ အနည်း ငယ်ဖြင့် ၎င်းတို့၏ အနာဂတ်ကို ပုံဖော်နိုင်ရန်အတွက် ထိုစီမံကိန်းအား လျှင်မြန်စွာ မည်သို့ ချဲ့ထွင်ရမည်နည်း ဆိုသော အချက်ဖြစ်သည်။ ရည်မှန်းချက်မှာ ပြည်နယ်နှင့် တိုင်း ၁၄ ခုနှင့် ပြည်ထောင်စုနယ်မြေတစ်ခုရှိ ဆင်းရဲနွမ်းပါး သည့် မြို့နယ် တစ်ခုစီဖြင့် စုစုပေါင်း မြို့နယ် ၁၅ မြို့နယ်တွင် CDD စီမံကိန်းများအား ကူညီပံ့ပိုးပေးရန်ဖြစ်သည်။ ထိုစီမံကိန်းက မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသော ပြည်သူ ခန့်မှန်းခြေ ၂.၅ သန်းရှိရာ ကျေးရွာပေါင်း (၃၀၀၀) အတွက် အကျိုးဖြစ်ထွန်း စေသည်။ ယခုကဲ့သို့ လုပ်ပိုင်ခွင့်ပေးသည့် လုပ်ငန်းစဉ်သည် ဆင်းရဲနွမ်းပါးသည့် ရပ်ရွာ လူထု အသိုက်အဝန်း၏ အလားအလာကို ပုံဖော်ရာ၌ အဓိကကျရုံသာမကဘဲ မြန်မာနိုင်ငံ၏ အရေးအကြီးဆုံးသော လူသားအရင်းအမြစ် တိုးတက်အောင် ကူညီရာတွင်လည်း အရေးကြီးပါသည်။ ။

**အေဇဲဗင်ထရော်ဆင်ဘတ်သည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ တစ်ဦးဖြစ်သည်**